# မှတ်ပုံတင်တိုင်းရင်းဆေးဝါးနှင့် ဈေးကွက်မှတိုင်းရင်းဆေးဝါးများ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်များအပေါ် လေ့လာစိစစ်ခြင်း

လှိုင်မိုးမြတ်၊ မြင့်မြင့်သန်း၊ လင်းဇော်ဝင်း၊ ခင်စန်းလင်း၊ နန်းယုလှိုင်နှင့် သီတာဆွေ
(ဓာတ်ခွဲခန်းနှင့် သုတေသနဌာနစိတ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)

တိုင်းရင်းဆေးဝါးများကို သမားစဉ်ဘိုးဘွားများမှသည် ယနေ့တိုင်အောင်ယုံကြည်အားထား သုံးစွဲလာကြပြီဖြစ်သလို ထုတ်လုပ်သူများကလည်း ဆေးနည်းမျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ထုတ်လုပ်ရောင်းချနေကြပြီဖြစ်ပါသည်။ ထိုသို့ထုတ်လုပ်ရောင်းချနေသော တိုင်းရင်းဆေးဝါးများ စနစ်ကျစေရန်နှင့် အရည်အသွေးပြည့်မီစေရန် တိုင်းရင်းဆေးဝါးဥပဒေကို နိုင်ငံတော်မှပြဋ္ဌာန်းထားပြီး မူဘောင်များချမှတ်၍ ထုတ်လုပ်ရောင်းချစေခဲ့ပါသည်။ သတ်မှတ်ချက်နှင့်ပြည့်စုံသော မှတ်ပုံတင်လျှောက်ထားသည့် တိုင်းရင်းဆေးဝါးများကို ဓာတ်ခွဲခန်းနှင့် သုတေသနဌာနစိတ်သို့ ပေးပို့၍ ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ရပါသည်။ ထို့ပြင်ဈေးကွက်တွင် ရောင်းချနေသော တိုင်းရင်းဆေးဝါးများအား အခါအားလျော်စွာကောက်ယူစမ်းသပ် စစ်ဆေးမှုများလည်း ဆောင်ရွက်လျက်ရှိပါသည်။ ဤသုတေသနလုပ်ငန်းတွင် ဓာတ်ခွဲစမ်းသပ်မှုပြုရန် ပေးပို့လာသော မှတ်ပုံတင်လျှောက်ထားသည့် တိုင်းရင်းဆေးဝါးများအနက် (၂)နှစ်အတွင်း စမ်းသပ်ပြီးသော မှတ်ပုံတင်တိုင်းရင်းဆေးဝါးများနှင့် ဈေးကွက်ဆေးဝါးများအရေအတွက်ကို တိတိကျကျဖော်ပြ၍ သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်သည့် နည်းပညာနှင့် စမ်းသပ်တွေ့ရှိချက်များအား ခြုံငုံလေ့လာဆန်းစစ်ထားပါသည်။